ကောင်းသန့်

# သို့ ... မေမေ

(ဒုတိယအကြိမ်)



အ မေ ချစ် သူ တိုင်း အ တွက် အ မှတ် တ ရ စာ လက် ဆောင်

# အခန်း (၁)

ကောင်းသန့်

သို့… မေမေ

အမေ..

လူ့လောကထဲက အမေထွက်ခွာသွားတာ ၁၆ နှစ် ပြည့်တော့မယ်။ မေ့လို့ မရသေးဘဲ အမှတ်ရနေဆဲပါ အမေ။ အမေရှိစဉ်တုန်းက စိတ်တိုင်းကျ ကျွေးမွေးပြုစုခွင့်မရလိုက်တဲ့ အတွက် စိတ်ထဲမှာ အကြိတ်အခဲဖြစ်ခဲ့ရတာ အခုထိပါပဲ။ ဆင်းရဲတွင်း နက်နက်ထဲက ကျွန်တော်ရုန်းတက်နိုင်တဲ့ အချိန်မှာ အမေမရှိတော့ဘူးနော်။

မလောက်မင လစာလေးနဲ့ အမေ့ကို မစို့မပို့ ကျွေးခဲ့ရတာ ပြန်သတိရတိုင်း မျက်ရည်ဝဲရ တယ် အမေ။ အမေ့ကြောင့် ကျွန်တော့်ရဲ့ ဘဝအမြင် အတွေးအခေါ်တွေ ပြောင်းပြီး ကြီးပွားရေး လမ်းကြောင်းပေါ် ရောက်ခဲ့ရတာ ပါ။

အမေ့ကျေးဇူးတွေပါ အမေရယ်။ ကျွန်တော့်ကို အမေစောင့်ရှောက်ကူညီနေတယ်လို့ ယုံကြည်နေမိဆဲပါ။

လွမ်းတယ် အမေ။ သတိလည်း ရနေတယ်။

အမေ့ကို ရည်စူးရေးသားခဲ့တဲ့ ဒီစာအုပ်လေးဟာ အမေကိုချစ်တဲ့ လူသားအားလုံးအတွက် တန်ဖိုးထား အမှတ်ရစရာဖြစ်ပါစေလို့ …။

အမေချစ်တဲ့ သား

ကောင်းသန့်

၆၊၈၊၀၅

* * *

## အခန်း (၂)

ဘယ်ဘဝက လာမှန်းမသိ

ကောင်းမှန်းဆိုးမှန်း မသိဘဲ

ကြည်နူးဝမ်းသာမှုအတိနဲ့

မေမေ့ဘဝထဲ

မေမေ့ဝမ်းထဲမှာ

ကြည်ကြည်ဖြူဖြူ နေရာပေးခဲ့တဲ့ အတွက်

ကျေးဇူးပါမေမေ။

ကိုးလလွယ်

ဆယ်လ မဖွားခင်မှာ

ဗိုက်ထဲက ကလေး

အနေမခက်အောင်

ထိခိုက် နာကျင်မှုမရှိအောင်

အသက်ရှင်သန်နိုင်ဖို့ အရေး

မေမေ့အတ္တာတွေ ဒုက္ခတွေစတေးပြီး
မွေးမြူစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးဟာ
မြင်းမိုရ်တောင်မက ကြီးမားလှပါတယ်မေမေ။

မုန့်ဟင်းခါး လက်သုပ်စုံကို
ချဉ်ချဉ်စပ်စပ်စားတတ်တဲ့ မေမေ။
ကလေးရပြီဆိုကတည်းက
အချဉ်အစပ်တွေကို
ယတိပြတ် ဖြတ်ခဲ့တာ
ကလေးဗိုက်နာမှာ စိုးလို့ တဲ့ လေ။
အဖြူအမည်း မသဲကွဲသေးတဲ့
ကလေးလေးတစ်ယောက်အပေါ်
မေမေ့ရဲ့ စွန့်လွှတ်အနစ်နာခံမှုတွေက
တုနှိုင်းမရပါ မေမေ။

ဆေးခန်းသွားပြပြီး အပြန်မှာ

ကလေးရှိပြီဆိုတာ သိရတဲ့ မေမေဟာ

တစ်အိမ်လုံးကို ဝမ်းသာအားရ

ကြေညာလိုက်သတဲ့ ။

အဲ့ဒီအချိန်မှာ မေမေ့မျက်နှာဟာ

ပြုံးပန်းတွေ ဝေနေတယ်လို့ ပြောတယ်။

သားသမီးရတနာ လိုလိုလားလားတောင့်တခဲ့တဲ့

မေမေရဲ့ မေတ္တာ စေတနာဟာ

ကြီးကျယ်မြင့်မြတ်လှပါတယ် မေမေ။

အိမ်မှာ လျှော်ဖွပ် ချက်ပြုတ်

ရုံးအလုပ်တစ်ဖက်နဲ့

ရှုပ်ယှက်ခတ်နေတဲ့ မေမေ..

ကိုယ်ဝန်ဆောင် လက်စွဲ

ကလေးပြုစုစောင့်ရှောက်ရေး စာအုပ်တွေကို

အပြေးအလွှား အရေးထား ဖတ်နေသတဲ့ ။

မွေးလာမယ့် သားလေး

သက်ရှည်ကျန်းမာ

အနာကင်းစေဖို့ အတွက်တဲ့ လေ။

ကလေးအတွက် စိတ်ရောကိုယ်ပါ အပင်ပန်းခံခဲ့ရတဲ့

မေမေ့ကို ထာဝရကျေးဇူးပါနော်။

ကိုးလလွယ် ဆယ်လဖွား ဆိုပေမဲ့

ကလေးမီးဖွားတဲ့ ကိစ္စဟာ

အသက်စွန့်ပြီး မွေးရတာ မျိုးပါ။

အဆင်မသင့်ရင်

မိခင်ရော ကလေးပါ ဆုံးရှုံးသွားနိုင်ပါတယ်။

အဆင်သင့်ရင်တောင်

အင်မတန် နာကျင်တဲ့ ဝေဒနာမျိုး

ခံစားပြီးမှ မွေးရတာ ပါ။

သားသမီးကို ချစ်တဲ့ စိတ်နဲ့

ချွေးသီးချွေးပေါက်တွေကျရင်း

ဝေဒနာတွေကို အံကြိတ်ခံပြီး

မွေးဖွားပေးခဲ့တယ်ဆိုတာ သိပြီးတဲ့ နောက်

မေမေ့ကို အရမ်းကျေးဇူးတင်မိတယ်။

ပြောမပြတတ်အောင်ပါ မေမေ။

အလုပ်တစ်ဖက်နဲ့

မိခင်နို့ကို တိုက်ကျွေးခဲ့တဲ့ မေမေ။

အိမ်မှာ ထားခဲ့ရတဲ့ သမီးသားကို သတိရပြီး

အချိန်တန်လို့ နို့တွေတောင်တင်းလာတဲ့ အခါ

လူကွယ်ရာမှာ ဝမ်းနည်းပက်လက်

ညှစ်ထုတ်ပစ်လိုက်ရရှာတယ်။

သမီးသားကိုတိုက်ချင်တဲ့ မေမေ့နို့ချိုရည်

အလကားဖြစ်ပါပေါ့လားဆိုတဲ့ အသိနဲ့

ရင်မချိအောင် ခံစားနေရမယ်ဆိုတာ

စာနာစိတ်နဲ့ တွေးမိတိုင်း

သားသမီးအတွက် ဒုက္ခခံခဲ့ရတဲ့ မေမေ့ကို

အရမ်းကို ကိုယ်ချင်းစာ နားလည်မိတယ်။

ကျေးဇူးကြီးလှပါပေတယ် မေမေ။

ထမင်းစားနေတုန်း

ကလေး ဆီးဝမ်းသွားရင်

မရွံမရှာ ချေးဝတ်သေးဝတ်

လဲပေးခဲ့တဲ့ မေမေ။

ညအိပ်ကောင်းနေတုန်း

ကလေးငိုသံ ကြားတိုင်း

ထပြီးချော့သိပ်ပေးခဲ့ရတဲ့ မေမေ။

အိပ်ကောင်းခြင်း မအိပ်ရ

စားကောင်းခြင်း မစားရဘဲ

ကလေးအတွက် နေ့ပေါင်း၊ လပေါင်း၊

နှစ်ပေါင်းများ စွာ

အနစ်နာခံခဲ့တဲ့ မေမေရဲ့ ကျေးဇူးတွေကို

ပြန်စဉ်းစားမိတိုင်း

ရင်ထဲမှာ လှိုင်းထသလို ခံစားရပါတယ်။

ဝလုံးလေး ဝိုင်းဝိုင်းရေးတတ်အောင်

ကကြီး ခခွေးဖတ်တတ်အောင်

သိတတ်တဲ့ အရွယ်ကစလို့

လမ်းညွှန်သင်ပြ ဆိုဆုံးမခဲ့တဲ့

လက်ဦးဆရာ မေမေ့ကို

ရင်နဲ့ အမျှ သတိရနေမိတယ်။

စာတတ်အောင် သင်ပေးတဲ့ အတွက်လည်း

ကျေးဇူးပါ မေမေ။

အလုပ်က မောမောပန်းပန်း ပြန်လာပေမဲ့

ကလေးကို ကောက်ချီပြီး

ဇယ်စက်သလို အလုပ်တွေလုပ်ရတဲ့ မေမေ။

ညအိပ်ရာဝင်ချိန်မှာ လည်း

မောပန်းနွမ်းလျလို့ အိပ်ငိုက်နေတဲ့ ကြားက

သားချော့တေးတွေဆိုပြီး

သန်းခေါင်ကျော်တဲ့ အထိ

ချော့သိပ်ရတယ်လို့

သတိရ ပြန်အမှတ်ရမိတဲ့ အခါ

မေမေ့ကျေးဇူးကို အကျေဆပ်နိုင်ပါ့မလားလို့

စိုးရိမ်မိပါတယ်။

မေမေ နားလည်မှာ ပါနော်။

* * *